# သင့်ကလေးသည် နောက်ထပ် အကြားအာရုံစစ်ဆေးမှု လိုအပ်သည်



**သင့်ကလေးသည် နောက်ထပ် အကြားအာရုံစစ်ဆေးမှု ပြုလုပ်ရန် ရက်ချိန်းရရှိထားသည်-**

သင့်ကလေး၏ အမည် ____________________

အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်၏ အမည် ____________________

အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်၏ ဖုန်းနံပါတ် ____________________

အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်၏ လိပ်စာ ____________________

ရက်ချိန်းပြသမည့် ရက်စွဲ ____________________

ရက်ချိန်းပြသမည့် အချိန် ____________________

ရက်ချိန်း ပြန်လည်စီစဉ်ရန် လိုအပ်ပါက သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင် (အကြားပိုင်းဆိုင်ရာ ကုသမှု ကျွမ်းကျင်ပညာရှင်) ထံ ဖုန်းခေါ်ဆိုပါ။ အကြားအာရုံစစ်ဆေးမှု သို့မဟုတ် ပြန်လည်စစ်ဆေးမှုကို သင့်ကလေး အသက် *1* လ မကျော်မီ ပြီးမြောက်အောင် လုပ်ဆောင်သင့်ပါသည်။

## အဘယ်ကြောင့် ကျွန်ုပ်၏ရင်သွေးသည် နောက်ထပ် အကြားအာရုံစစ်ဆေးမှုကို လိုအပ်ခြင်းဖြစ်သနည်း။

ဤသည်မှာ အချို့သော ကလေးများ နောက်ထပ်စစ်ဆေးမှု လိုအပ်ရခြင်း အကြောင်းအရင်းအချို့ ဖြစ်ပါသည်-

- **စမ်းသပ်ခန်း ဆူညံနေခြင်း**
- **ကလေး၏နားထဲတွင် အရည်များ ရှိနေခြင်း**
- **ကလေးသည် စစ်ဆေးမှုအတွင်း အလွန်လှုပ်ရှားခြင်း**
- **ကလေးသည် အကြားအာရုံချို့ယွင်းမှု ခံစားနေရခြင်း**

နောက်ထပ် အကြားအာရုံစစ်ဆေးမှု လိုအပ်သော ကလေးအများစုသည် အများအားဖြင့် ကြားသိနိုင်စွမ်းရှိကြသော်လည်း အချို့သည် အကြားအာရုံချို့ယွင်းမှုကို ခံစားနေရတတ်သည်။ ဖော်ထုတ်သိရှိနိုင်စေရန်အတွက် နောက်ဆက်တွဲ အကြားအာရုံစစ်ဆေးမှုကို လိုအပ်ခြင်းဖြစ်သည်။

## အဘယ်ကြောင့် နောက်ထပ် အကြားအာရုံစစ်ဆေးမှုကို တတ်နိုင်သမျှချက်ချင်း ခံယူရန် အရေးကြီးခြင်း ဖြစ်သနည်း။

နောက်ဆက်တွဲ အကြားအာရုံစစ်ဆေးမှုသည် သင့်ကလေး အကြားအာရုံချို့ယွင်းမှု ခံစားနေရခြင်းရှိ၊ မရှိ သိရှိနိုင်မည့် တစ်ခုတည်းသောနည်းလမ်း ဖြစ်သည်။ အကြားအာရုံစစ်ဆေးမှုအတွင်း လေ့ကျင့်သင်ကြားထားသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသော လုပ်သား သို့မဟုတ် အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်က သင့်ကလေး၏အကြားအာရုံကို စစ်ဆေးရန် ကိရိယာများကို အသုံးပြုမည်ဖြစ်သည်။ အကြားအာရုံစစ်ဆေးမှုသည် သင့်ကလေးကို နာကျင်စေမည်မဟုတ်ပါ။

အကြားအာရုံချို့ယွင်းမှုကို စောစောဖော်ထုတ်သိရှိလေလေ သင့်ကလေးသည် စကားပြောနှင့် ဘာသာစကားကဲ့သို့သော ဆက်သွယ်ပြောဆိုမှု စွမ်းရည်များအား လေ့လာသင်ယူရန် ဝန်ဆောင်မှုများကို စောစောရရှိနိုင်လေ ဖြစ်သည်။

သင့်ကလေးသည် အကြားအာရုံချို့ယွင်းမှု ခံစားနေရပါက သင့်ကလေးအတွက် ရရှိနိုင်သော အရင်းအမြစ်အများအပြား ရှိပါသည်။

ထပ်လောင်းအချက်အလက်များအတွက်- **health.ny.gov/EHDI**

NEW YORK STATE | Department of Health

21518 (Burmese) 11/24